# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 20, 2020 | Volume 28, Number 13


| ၂၀.၂.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၀၇/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၀၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၄၉/- ကျပ် |
| CBM Rate | = ၁၄၅၄.၃ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၆၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၃၈.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၅.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၁.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၆၄.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၇.၂၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၃၁၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၀.၈၃ ကျပ် |
| မလေးရှားရင်းဂစ် | =၃၄၇.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၆.၂၅၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## လပွတ္တာကဏန်းပျော့လုပ်ငန်း ဝယ်လိုအားကောင်းပြီး ဈေးကောင်းရနေ



ဧရာဝတီတိုင်းက ရေထွက်ပစ္စည်းတွေနဲ့ အခြားပို့ကုန်လုပ်ငန်းတွေ ရပ်တန့်နေပေမယ့် လပွတ္တာမြို့နယ်က ကဏန်းအရေပျော့လုပ်ငန်းဟာ ဈေးကွက်ဝယ်လိုအားကောင်းပြီး ဈေးကောင်းရရှိနေတယ်လို့ ဒေသခံတွေကပြောပါတယ်။ ကဏန်းအရေပျော့ လုပ်ငန်းကို လပွတ္တာမြို့နယ်အတွင်း ကျေးရွာတွေမှာ အများဆုံးမွေးမြူပြီး ရန်ကုန်မြို့ကတဆင့် ဂျပန်၊ စင်ကာပူ၊ တရုတ်နဲ့ ဥရောပနိုင်ငံတွေကို တင်ပို့နေတာပါ။ လက်ရှိအချိန်မှာ ဈေးကွက်ဝယ်လိုအားများနေပြီး ၁ ကီလိုကို ၁၇၀၀၀ ရရှိတယ်လို့ ဒေသခံ အောင်ကောင်းယံ ကဏန်းအရေပျော့မွေးမြူရေးကန် မန်နေဂျာ ဦးငွေးကျော် က ဒီဗွီဘီကိုပြောပါတယ်။ “လက်ရှိ ကဏန်းအရေပျော့လုပ်ငန်းကတော့ ဈေးကွက်ကို သိပ်ပြီးတော့ မထိခိုက်ပါဘူး၊ ရောင်းတဲ့ပစ္စည်းတွေကို ပုံမှန်ယူနေသေးတယ် အခက်အခဲတော့မရှိပါဘူး။ ဂျပန်နဲ့ အမေရိကန်ကို အဓိကပို့တာဆိုတော့ မထိခိုက်ပါဘူး။”

ကဏန်းအရေပျော့ မွေးမြူတဲ့လုပ်ငန်းဟာ ကဏန်းအခွံမာကောင်တွေက ဝယ်ယူကာ ပြန်လည်မွေးမြူရတဲ့လုပ်ငန်းဖြစ်ပြီး ကဏန်းအရေပျော့မွေးမြူတဲ့ကန်တွေမှာ တခြံကို လုပ်သား အနည်းဆုံး ၂၀ ကနေ အများဆုံး ၅၀ ရှိကာ လစာ ၁ သိန်း ၂ သောင်းမှ ၂ သိန်းအထိပေးတယ်လို့သိရပါတယ်။ အလုပ်သမားတဦးဖြစ်တဲ့ ဒေါ်မိငယ်က “ခုချိန်ထိတော့ အဆင်ပြေပါတယ်။ ထမင်းလည်းကျွေးတယ် လစာကလည်း ၁ သိန်းခွဲလောက်ရတော့ မြို့တက်ပြီး အလုပ်မလုပ်နိုင်သူတွေအတွက် အဆင်ပြေပါတယ်။ အစာကျွေးရတယ်၊ ၄ နာရီခြားတခါ ခြင်းဖော်ရတယ်။ ပေါ့ပေါ့ပါးပါးဆိုတော့

အခက်အခဲလည်းမရှိပါဘူး၊ မိသားစုကိုလည်း ပြန်ထောက်ပံ့လို့ရတယ်” လို့ ပြောပါ တယ်။

ကဏန်းအရေပျော့မွေးမြူဖို့အတွက် ကဏန်းအခွံမာကိုဝယ်ယူပြီး ခြေထောက်နဲ့ လက် လေးချောင်းကိုဖြတ်ကာ ရေထဲချပြီး အစားကျွေးမွေးမြူရတာဖြစ်ပြီး ရေထဲချ လိုက်တဲ့ ကဏန်း အခွံမာတွေက ၄ နာရီခြား အရေခွံပြောင်းလဲချိန်မှာ အလျင်မီအောင် ဆယ်ယူမှသာ ကဏန်း အရေပျော့ကို ရနိုင်မှာဖြစ်ပါတယ်။ မူဆယ်မြို့ကနေတဆင့် တရုတ်နိုင်ငံတင်ပို့နေတဲ့ ဂိတ်တွေကို တရုတ်နိုင်ငံမှာဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ့်နဲ့ ပတ်သက်ပြီး ပိတ်ထားလိုက်ချိန်မှာ လပွတ္တာမှာရှိတဲ့ ကဏန်းဒိုင်တွေနဲ့ကဏန်း လုပ်သားတွေ အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရသလို ကဏန်းထောင်တဲ့လုပ်သားတွေ နည်းပါးလာတာကြောင့် ရေရှည်သာဆက်သွားခဲ့ရင် ကဏန်းအရေပျော့မွေးမြူရေး လုပ်ငန်းအတွက် လည်း ထိခိုက်လာနိုင်တယ်လို့ လုပ်ငန်းရှင်တွေက ဆိုပါတယ်။

**Source:** http://burmese.dvb.no/archives

## ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် ရန်ကုန်မြို့တွင် ဖေဖော်ဝါရီလအတွင်း ကျင်းပရန်စီစဉ်ထားသည့် ရန်ကုန်ရင်းနှီး မြှုပ်နှံမှုဖိုရမ် ရက်အကန့်အသတ်မရှိရွှေ့ဆိုင်း

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် ရန်ကုန်မြို့၌ ဖေဖော်ဝါရီလအတွင်း ကျင်းပရန်စီစဉ်ထားသည့် ရန်ကုန် ရင်းနှီး မြှုပ်နှံမှုဖိုရမ်ကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးသန့်စင်လွင်ကပြောကြားသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်ပဲခူးတိုင်း ဒေသကြီးတို့တွင် ရင်းနှီးမြှုပ်နှံမှုဖိုရမ်များ ကျင်းပရန်စီစဉ်ထားခဲ့ခြင်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို မတ်လအတွင်း ကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ “လောလောဆယ် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ရွှေ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပဖို့ကိုတော့ လောလောဆယ် ရွှေ့ဖို့အစီအစဉ်မရှိသေးပါဘူး။ မူလ သတ်မှတ်တဲ့အတိုင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်ရွှေ့ဆိုင်းတာကိုတော့ သတင်း ပို့ထားပါတယ်” ဟု ဦးသန့်စင်လွင်က ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားပြီးနောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ လာရောက်ဆွေးနွေးမှုလျော့ကျသွားကြောင်းသိရသည်။ သို့သော်လည်း ဆွေးနွေးထားသည့် ရင်းနှီးမြှုပ်နှံမှု များကို ဖျက်သိမ်းခြင်းမျိုး လုံးဝမရှိကြောင်းလည်းသိရသည်။ “ကျွန်တော်တို့ဆီမှာ လာရောက် ဆွေးနွေးမှုကတော့ လျော့ကျ သွားခြင်းမရှိပါဘူး။ ဒါပေမဲ့ တရုတ်နိုင်ငံသားတွေလာတာတော့လျော့ကျသွားတယ်။ ဆွေးနွေးထားပြီးမှ ဖျက်လိုက်တယ် ဆိုတာမျိုးတော့ မရှိပါဘူး။ ပုံမှန်နိုင်ငံခြားသား ဝင်ရောက်မှုလည်း နည်းနည်းလျော့ကျသွားတာရှိသလို တရုတ်နိုင်ငံသားတွေ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီးလာပြီး ဆွေးနွေးတဲ့အပိုင်းတွေတော့ နည်းနည်းလျော့ကျသွားတာကိုတွေ့ရပါတယ်” ဟု ဦးသန့်စင်လွင်က ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကြောင့် စီးပွားရေးလုပ်ငန်းများ နှောင့်နှေးမှုများ ဖြစ်ပွားသဖြင့် မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းများလည်း နှောင့်နှေးမှုများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။ မြန်မာသာမက တရုတ်နိုင်ငံနှင့် စီးပွားရေး ဆက်ဆံဆောင်ရွက်နေသည့် ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ဖြစ်ပွားနိုင်ကြောင်းသိရသည်။ “အခုဆိုရင် တရုတ်နိုင်ငံနဲ့အသွားအလာက နယ်စပ်တွေမှာလည်းရပ်သွားတာတွေ့ရတယ်။ သူ့ပြည်တွင်းမှာကို သူ့ဟာသူရပ်သွား တာလည်း ရှိတယ်။ ထိုင်းတို့၊ ကမ္ဘောဒီးယားတို့လည်း သင်္ဘောတွေ ဝင်လာတာကို ၁၄ ရက် စောင့်ကြည့်တာတွေလုပ်နေတယ် ဆိုတော့လေ။ ကျွန်တော်တို့နိုင်ငံကလည်း ဝင်လာတဲ့သူကို စောင့်ကြည့်မှာပဲ။ ဒါကြောင့်မို့ မလာတာလည်း ဖြစ်မှာပေါ့” ဟု ၎င်းကဆိုသည်။

ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် (၂၀၁၈) ကို ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ၂၀၁၈ ခုနှစ် မေ ၉ ရက်က ကျင်းပခဲ့သည်။ ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် (၂၀၁၉) ကို ၂၀၁၉ ခုနှစ် မေ ၁၀ ရက်က ရန်ကုန်မြို့ရှိ Lotte ဟိုတယ်၌ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ တွင် လက်ရှိရင်းနှီးမြှုပ်နှံနေသူများကို စီးပွားရေးလုပ်ငန်းများ တိုးတက်ရုံသာမက လုပ်သာကိုင်သာရှိပြီး ပွင့်လင်းမြင်သာမှု ရှိသော စီးပွားရေးဝန်းကျင်တစ်ခု ဖန်တီးပေးမည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်က မေ ၁၀ ရက်

က ရန်ကုန်မြို့ရှိ Lotte ဟိုတယ်တွင် ကျင်းပသည့် Yangon Investment Forum တွင် ပြောကြားသည်။ ရန်ကုန်တိုင်း ဒေသကြီး အတွင်းရှိနေသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဖမ်းဆုပ်နိုင်ကြရန် တိုက်တွန်းလိုကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ် တောက်ပရန်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆောင်ကြဉ်းရာတွင် ရင်းနှီးမြှုပ်နှံသူများ၏ အထောက်အပံ့များကို အစိုးရဘက် ကလည်း အင်တိုက်အားတိုက် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**Source:** https://news-eleven.com/article/160288

http://burmese.dvb.no/archives

## ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းတွင် ဓာတ်ငွေ့သိုက်သစ်တွေ့ရှိ

**မြန်မာ့ကမ်းလွန် ရွှေသဘာဝဓာတ်ငွေ့သိုက်ရှိ လုပ်ကွက် A-3 တွင် သဘာဝဓာတ်ငွေ့ အစမ်းတွင်းတူးဖော်နေသော မဟာ-၁ ၌ သဘာဝဓာတ်ငွေ့သိုက်သစ်တွေ့ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ယခုလ ၁၇ ရက်တွင် အတည်ပြုလိုက်သည်။**

POSCO အပြည်ပြည်ဆိုင်ရာ ကော်ပိုရေး ရှင်းသည် ရွှေသဘာဝ ဓာတ်ငွေ့သိုက်တွင် ဓာတ်ငွေ့ရှာဖွေမှုအသစ်များ ပြုလုပ်ခဲ့ရာ လုပ်ကွက်A-3 ရှိ ဓာတ်ငွေ့သိုက် မဟာ—၁ ၌တစ်ရက်လျှင် ကုဗပေ ၃၈ သန်း ထွက်ရှိမည့် သဲကြော အသားတင်အထု ၁၂ မီတာတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟုကုမ္ပဏီကဆိုသည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကလည်း မဟာ-၁ ရှာဖွေရေးတွင်းတွင် စမ်းသပ်တိုင်းတာရရှိသော အချက်အလက်များအရ သဘာဝဓာတ်ငွေ့ တစ်နေ့လျှင်ပျမ်းမျှ ကုဗပေ ၃၈ သန်းကျော်အထိ ထွက်မည့် ဓာတ်ငွေ့သိုက်ကို စမ်းသပ်ရရှိကြောင်းအတည်ပြုခဲ့သည်။ ရွှေသဘာဝဓာတ်ငွေ့သိုက်တွင် လုပ်ကွက်အမှတ်A-1, A-3 ရှိပြီး လုပ်ကွက် A-3 တွင် ရှာဖွေရေးတွင်း ကစ္စပနဒီ (၁)၊ မဟာ(၁) နှင့် ရန်အောင်မြင်(၁) အစမ်းတွင်း သုံးတွင်းကို အသုတ်လိုက် တစ်ပြိုင်တည်း တူးဖော်နေသည့်အနက် မဟာ(၁) ရှာဖွေရေးတွင်းကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်တွင် စတင် တူးဖော်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းတွင် POSCO international ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှု ၅၁ ရာခိုင်နှုန်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ၁၅ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံ UJGC ကုမ္ပဏီက ၁၇ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံ ONGC ကုမ္ပဏီက ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ကိုရီးယားနိုင်ငံ GAIL ကုမ္ပဏီက ၈ ဒသမ ၅ ရာခိုင်နှုန်းစီ အချိုးကျပါဝင်ကာ အကျိုးတူပူးပေါင်း ဆောင်ရွက်နေသည်။ ယခုစီမံကိန်းသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုပေါ် ခွဲဝေခံစားရေးစာချုပ် (PSC) ချုပ်ဆို၍ ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းလည်းဖြစ်သည်။ စီမံကိန်းရှိ တူးဖော်ရေး သင်္ဘော သည် ရှာဖွေရေးတွင်း ရန်အောင်မြင်(၁)ကို ယခု ဖေဖော်ဝါရီလအတွင်း ဆက်လက်တူးဖော်မည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ဆိုသည်။ ၂၀၂၁ ခုနှစ်တွင် အကဲဖြတ်တွင်း နှစ်တွင်းသုံးတွင်းကို တူးဖော်ပြီးနောက် အသေးစိတ် အကဲဖြတ်တွင်း၊ ဖွံ့ဖြိုးရေးတွင်း များကို လုပ်ဆောင်မည်ဖြစ်ပြီး လာမည့် နှစ်နှစ် သုံးနှစ်အတွင်းထပ်မံ၍ အလားအလာရှိသော တူးဖော်ရေးတွင်း တစ်တွင်းကို တူးဖော်ရန် စီစဉ်ထားသည် ဟုPOSCO International က ဆိုသည်။

ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းသည် ၃၅ နှစ် သက်တမ်းဖြစ်ပြီး ၂၉ နှစ် ကျန်ရှိနေသေးသည်။ A-1 တွင် စီးပွားဖြစ် တူးဖော်ရေးတွင်းများ စတင်ပြီးနောက် လုပ်ကွက်A-3 ရှိ မြလုပ်ကွက်တွင်လည်း စီးပွားဖြစ်တူးဖော်မှုများ ၂၀၂၅ တွင် လုပ်ဆောင် မည်ဖြစ်သည်။ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းက စီးပွားဖြစ်ဖွံ့ဖြိုးရေးတွင်း ရှစ်တွင်းကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် စတင်တူးဖော်ထုတ်လုပ်မည်ဟု အော်ပရေတာကုမ္ပဏီ POSCO International ၏ ထုတ်လုပ်ရေး အင်ဂျင်နီယာ ဦးဝင်းညွန့်အောင်က မြန်မာတိုင်း(မ်)ကို ယမန်နှစ်ကုန်ပိုင်းက ပြောဆိုထားသည်။ ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းတွင် A-1 နှင့်A-3 လုပ်ကွက်များပါရှိပြီး A-1 အတွင်း ရွှေနှင့် ရွှေဖြူလုပ်ကွက်တို့ရှိပြီး A-3 တွင် 'မြ"လုပ်ကွက်ရှိသည်။

မြန်မာ့ကမ်းလွန်လုပ်ကွက် အမှတ် A-3 အတွင်းတွင် POSCO international ကုမ္ပဏီက မြ(၁) ရှာဖွေရေးတွင်းကို ၂၀၀၅ ခုနှစ်တွင် စတင်တူးဖော်ခဲ့ပြီး သဘာဝဓာတ်ငွေ့ စီးပွားဖြစ် တွေ့ရှိခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် လုပ်ကွက်အမှတ် A-1 ရှိ ရွှေသဘာဝ ဓာတ်ငွေ့နှင့် လုပ်ကွက်အမှတ် A-3 ရှိ မြသဘာဝဓာတ်ငွေ့တို့ကိုပေါင်း၍ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းက တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၅၀၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသည်။

**Source:** https://myanmar.mmtimes.com/news/135487.html

## ဧရာဝတီတိုင်းက ဖရဲစိုက်တောင်သူများအရှုံးပေါ်

ဧရာဝတီတိုင်းဒေသကြီး ရေကြည်၊ သာပေါင်း၊ ကျောင်းကုန်းနဲ့ အခြားမြို့နယ်တွေက ဖရဲသီးစိုက်ပျိုးတဲ့တောင်သူတွေ အရှုံးနဲ့ရင်ဆိုင်နေရတယ်လို့ ဒေသခံတောင်သူတွေကပြောပါတယ်။ တရုတ်ပြည်ရဲ့ ဖရဲသီးဈေးကွက်မှာ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းအထိ ဖရဲသီးဈေးနှုန်းကမြင့်တက်ခဲ့ပြီး၊ ဝူဟန်မြို့မှာကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားချိန်ကစတင်လို့ ဖရဲဒိုင်တွေက စရံကြိုပေးထားတာတွေပါ အဆုံးခံပြီး မဝယ်တော့တာကြောင့် အဆိုးရွာဆုံးအခြေအနေတွေနဲ့ ရင်ဆိုင်နေရတယ်လို့ အသုတ်မြို့က ဖရဲစိုက်တောင်သူ ဦးစိန်ဝင်းကပြောပါတယ်။ "ကျနော် ဖရဲ ၅ ဧကစိုက်တာ သိန်း ၁၀၀ ကျော်ကုန်ပါတယ်၊ အရင်ဈေးနဲ့ဆို ၁၇ တန် ကားတစ်စီးကို ကားခ သိန်း ၂၀ နုတ်ပြီးရင် သိန်း ၅၀ လောက်ကျန်တယ်၊ ခုဈေးနဲ့ဆို ကားတစ်စီးကို ၁၀ သိန်းကျော်ပဲကျန်တယ်၊ ကားခပါရှုံးနေတာ ပြည်တွင်းဈေးကွက်ကလည်းမရှိ၊ တချို့ဆို စရံကြိုပေးထားတာတွေပါ အဆုံးခံလိုက်တာတွေရှိတယ်၊ ဒီနှစ်အဆိုးဝါးဆုံးအရှုံးနဲ့ကြုံတွေ့နေရတာ"။ အရင်နှစ်က ဖရဲစိုက်တောင်သူနည်းပါပြီး အခုနှစ် အခြားဒေသတွေက လာရောက်စိုက်ပျိုး သူပိုမိုလာပြီး မြေ ၁ ဧကကို ၁ သိန်းကျပ်နှုန်းနဲ့ မြေငှားရမ်းစိုက်ပျိုးရပြီး ခုလို ဈေးကွက်ကျဆင်းချိန်မှာ လုံးဝအရှုံးနဲ့ရင်ဆိုင်ရတာဖြစ်တယ်လို့ ဒေသခံတောင်သူတွေကဆိုပါတယ်။

ဒေသခံဖရဲစိုက်တောင်သူတဦးက "အားလုံးက တရုတ်ဈေးကွက်ကို မှီခိုစိုက်ပျိုးနေကြရတာ။ ခုလို တရုတ်ပြည်ဈေးကွက်က လုံးဝကျဆင်းသွားတာနဲ့ ဖရဲခူးချိန်နဲ့သွားတိုက်နေတော့ ဘာမှကိုလုပ်လို့မရတော့တာ။ ခုဆို လုပ်အားခ ကားခမကိုက်တော့ အားလုံးအရှုံးနဲ့ရင်ဆိုင်ရတော့တာပေါ့" လို့ပြောပါတယ်။ ဧရာဝတီတိုင်းက ရေကြည်၊ သာပေါင်း၊ ကျောင်းကုန်းနဲ့ အခြားမြို့နယ်တွေက ဖရဲစိုက်ပျိုးတဲ့ တောင်သူတွေဟာ မနှစ်ကထက် နှစ်ဆပိုမိုများပြားလာပြီး တရုတ်ပြည် ဈေးကွက်ကျဆင်းသွားတာကြောင့် ဖရဲစိုက်တောင်သူအများစု အရှုံးတွေနဲ့ကြုံတွေ့နေရတာပါ။ တရုတ်နိုင်ငံကို မြန်မာကုန်ပစ္စည်းတွေ အဓိကတင်ပို့နေတဲ့လမ်းကြောင်းဖြစ်တဲ့ တရုတ်-မြန်မာနယ်စပ် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးကို တရုတ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ပြန့်ပွားမှုမြင့်တက်လာပြီးနောက်ပိုင်း ဇန်နဝါရီ ၂၂ ရက်က စတင်ပိတ်ထားခဲ့တာပါ။

**Source : DVB**

https://news.ydnp.net/331235/

## မြန်မာ့ရွှေလည်းတက် ကမ္ဘာ့ရွှေလည်းတက်

ဖေဖော်ဝါရီ ၂၀ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေးတစ်ကျပ်သားကို ကျပ်၁၂၃၁၀၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ် ၁၂၃၁၀၀၀ ဖြစ်ပါတယ်။ဖေဖော်ဝါရီ ၁၉ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၃၀၀၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ်၁၂၃၀၀၀၀ ဖြစ်ပါတယ်။ဖေဖော်ဝါရီ ၁၈ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ် ၁၂၂၃၀၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ် ၁၂၂၃၀၀၀ဖြစ်ပါတယ်။ ကမ္ဘာ့ရွှေဈေးကတော့ ဖေဖော်ဝါရီ ၂၀ ရက် တစ်အောင်စကို ၁၆၀၉ ဒေါ်လာ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၉ရက် တစ်အောင်စကို ၁၆၀၂ ဒေါ်လာဖြစ်ပါတယ်။ဖေဖော်ဝါရီ ၁၈ရက် တစ်အောင်စကို ၁၅၈၇ ဒေါ်လာဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-37221

## မြန်မာ့စီးပွားရေးအပါအဝင် ကဏ္ဍ ၄ ခုကို ဂျာမနီက ပံ့ပိုးကူညီပေးလို

ဂျာမန်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ GIZ က မြန်မာနိုင်ငံရဲ့ စီးပွားရေးအပါအဝင်ကဏ္ဍလေးခုကို ပံ့ပိုးပေးဖို့ ဆန္ဒရှိနေတယ်လို့ ဌာနေကိုယ်စားလှယ်ကပြောပါတယ်။ စီးပွားရေး၊ အရည်အသွေးမြှင့်တင်တာ၊ အစားအစာနဲ့အာဟာရ၊ စွမ်းအင်နဲ့ရာသီဥတုဆိုင်ရာကဏ္ဍတို့ကို အခု ၂၀၂၀ ပြည့်နှစ်မှာ ကူညီသွားမယ်လို့ ရုံးခန်းသစ်ဖွင့်တာနဲ့ အဓိက ဆောင်ရွက်နေတဲ့ကဏ္ဍတွေကို ထုတ်ပြန်လိုက်တာပါ။ GIZ မြန်မာရဲ့ ဌာနေကိုယ်စားလှယ် Dr. Petra Schill က "ပြည်တွင်းအင်အားနဲ့ နိုင်ငံတကာက ကျွမ်းကျင်မှုတွေကိုပေါင်းစပ်လိုက်မယ်ဆိုရင် အကောင်းဆုံးဖြေရှင်းနည်းတွေ၊ ရလဒ်တွေရလာမှာ ဖြစ်ပါတယ်။

GIZ ရဲ့ အဓိက ရည်မှန်းချက်ကတော့ လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ပေးဖို့နဲ့ မိတ်ဖက်အဖွဲ့အစည်းတွေအတွက် သိသာထင်ရှားတဲ့ အကျိုးသက်ရောက်မှုကောင်းတွေ၊ သူတို့ရဲ့အောင်မြင်မှုပန်းတိုင်ကိုရောက်စေဖို့ လုပ်ပေးနေတာပဲ ဖြစ်ပါတယ်" လို့ပြောပါတယ်။ GIZ ဟာ ပညာရေးဝန်ကြီးဌာနအောက်က နည်းပညာနဲ့ သက်မွေးဝမ်းကျောင်းပညာ လေ့ကျင့်သင်ကြားတာတွေကို ပံ့ပိုးပေးနေပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာအထိ လုပ်သားပေါင်း ၁၄၀၀၀ ကျော်ကို နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်တွေ ပေးနိုင်ခဲ့တယ်လို့ဆိုပါတယ်။

၂၀၁၇ ခုနှစ်ကစလို့ ရှမ်းပြည်မြောက်ပိုင်းနဲ့ ရခိုင်ဒေသက ဒေသခံ လူမှုအဖွဲ့အစည်းတွေ၊ အမျိုးသမီးတွေ၊ လူငယ်တွေနဲ့ အိုးအိမ်စွန့်ခွာ နေထိုင်နေရသူတွေအတွက် အရည်အသွေး မြှင့်တင်တာနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းတွေ ဖန်တီးပေးနေပြီး ရခိုင်ပြည်နယ် နေရာပေါင်း ၄၀ က အိုးအိမ်စွန့်ခွာနေထိုင်နေရသူတွေနဲ့ လူငယ်စုစုပေါင်း ၂၆၀၀ ကျော်ကို လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နိုင်စေဖို့ လေ့ကျင့်သင်ကြားပေးခဲ့တယ်လို့လည်း ထုတ်ပြန် ပါတယ်။ "ဆင်းရဲမွဲတေတာ၊ ရာသီဥတုပြောင်းလဲတာတွေနဲ့ လူမှုစီးပွားမညီမျှတာစတာတွေဟာ တကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတွေပဲ ဖြစ်ပါတယ်။ ရာစုသစ်မြန်မာနိုင်ငံရဲ့ စိန်ခေါ်မှုတွေက အဖွဲ့အစည်းတခုတည်းက ဖြေရှင်းလို့မရပါဘူး။ အားလုံးပါဝင်တဲ့ မိတ်ဖက်အဖွဲ့အစည်းတွေရဲ့ ခွန်အားနဲ့မှပဲ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်" လို့ Dr. Petra Schill က ပြောပါတယ်။ GIZ ဟာ ဂျာမနီနဲ့ တခြားနိုင်ငံအစိုးရအဖွဲ့အစည်းတွေ၊ ဥရောပသမဂ္ဂနဲ့ ပုဂ္ဂလိကကဏ္ဍတို့ရဲ့ ငွေကြေးထောက်ပံ့မှုနဲ့ နိုင်ငံပေါင်း ၁၂၀ မှာ ဖွံ့ဖြိုးတိုးတက်မှုနဲ့ နိုင်ငံတကာပညာရေးဆိုင်ရာအတွက် ပူးပေါင်းလုပ်နေတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။

**Source : DVB**

https://news.ydnp.net/331247/

## ပွင့်ဖြူမြို့နယ်၌ ဆောင်းကြက်သွန်များအထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိ၍ ကြက်သွန်စိုက်ပျိုးတောင်သူများ လုပ်ငန်းအဆင်ပြေ

မကွေးတိုင်းဒေသကြီး ၊ ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအုပ်စု ၊ မဲဇလီကျေးရွာ ၊ ဆည်တော်ကျေးရွာနှင့် ညောင်ပင်ဝိုင်းကျေးရွာတို့တွင် တောင်သူများဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားရှိသည့် ကြက်သွန်စိုက်ခင်းများစတင်သိမ်းဆည်း နေကြပြီဖြစ်ရာ ယခုနှစ်တွင် စိုက်ပျိုး သည့် ကြက်သွန်စိုက်ခင်းများမှာယခင်နှစ်ကထက် အထွက်နှုန်းကောင်းမွန်သည့်အပြင် ပေါ်ဦးပေါ်ဖျား ဈေးကောင်းရရှိသဖြင့် ကြက်သွန်စိုက်ပျိုးတောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်းပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာရှိ ကြက်သွန်စိုက်ပျိုးသည့် ဒေသခံတောင်သူများထံမှသိရသည်။

ပွင့်ဖြူမြို့နယ်၌ ကြက်သွန်စိုက်ပျိုးခြင်းကိုမုန်းချောင်းတစ်လျှောက် ကျေးရွာများရှိဒေသခံတောင်သူများက မုန်းချောင်းရေကို အမှီပြုပြီးကိုင်းမြေနှင့် ကျွန်းမြေများတွင် ထွန်ယက်စိုက်ပျိုးမှုများရှိသလိုအချို့သောကျေးရွာများမှ တောင်သူများကလည်း မြေအောက်ရေဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ကြကြောင်းသိရကာအများဆုံးစိုက်ပျိုးသည့် ကျေးရွာမှာမဲဇလီကျေးရွာအုပ်စု အတွင်းရှိမဲဇလီကျေးရွာ ၊ ဆည်တော်ကျေးရွာနှင့် ညောင်ပင်ဝိုင်းကျေးရွာတို့ဖြစ်ပြီးပွင့်ဖြူမြို့နယ်မှထွက်ရှိသော ဆည်တော်ကြက်သွန်သည် လူကြိုက်များပြီးအရောင်းအဝယ်ကောင်းသောကြက်သွန်မျိုးဖြစ်ကြောင်းသိရသည်။ ယခုနှစ်မှာ"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာရှိတဲ့ ကြက်သွန်စိုက်ပျိုးတောင်သူတွေ အထွက်နှုန်းကောင်းပြီး ပေါ်ဦးပေါ် ဖျားဈေးကောင်းရရှိလို့ လုပ်ငန်းအဆင်ပြေကြပါတယ်။ ကျွန်တော်တို့မြို့နယ်မှာကြက်သွန်အများဆုံးစိုက်ပျိုးတဲ့ဒေသကတော့ မဲဇလီ ကျေးရွာအုပ်စုအတွင်းရှိကျေးရွာတွေပဲဖြစ်ပါတယ်။ စိုက်ပျိုးရေကတော့ မြေအောက်ရေနဲ့ စိုက်ပျိုးတာဖြစ်ပြီးစိုက်ပျိုးတဲ့ ကြက်သွန်မျိုးကတော့ ရွှေဖလားမျိုး(ဆည်တော်ကြက်သွန်မျိုး) ဖြစ်ပါတယ်။ ပွင့်ဖြူမြို့နယ်မှ ထွက်ရှိတဲ့ ဆည်တော်ကြက်သွန်ဆိုရင် လူကြိုက်များပြီးအရောင်းအဝယ် အဆင်ပြေပါတယ်။ ဒီနှစ် ကြက်သွန် စိုက်ပျိုးတဲ့ တောင်သူတွေအများစုရာသီဥတုကောင်းမွန်တဲ့အတွက် ကြက်သွန်အထွက်နှုန်းတွေလည်းကောင်းပါတယ်။

ပြီးခဲ့တဲ့နှစ်တွေကတစ်ဧကကိုကြက်သွန်ပိဿာချိန် ၇၀၀၀လောက်ပဲ ထွက်ရှိပါတယ်။ ဒီနှစ်မှာရာသီဥတု မျှတကောင်းမွန်တဲ့ အတွက် တစ်ဧကြက်သွန်ပိဿာချိန် တစ်သောင်းကျော်လောက် ထွက်ရှိပါတယ်။ နောက်ပြီးဒီနှစ်မှာကြက်သွန်အထွက်

နှုန်းကောင်းသလိုဈေးနှုန်းကလည်းပေါ်ဦးပေါ်ဖျားတစ်ပိဿာငွေကျပ် ၁၃၀၀ ရောင်းရပါတယ်။နောက်ပြီးကျွန်တော်တို့တောင်သူတွေအနေနဲ့ ကြက်သွန်ကိုမြို့တွေကိုသွားရောင်းစရာမလိုပဲပွဲစားတွေကစိုက်ခင်းအရောက် ကားတွေနဲ့ လာရောက်ဝယ်ယူတာကြောင့် ခရီးစရိတ်နဲ့ အလုပ်သမားငှားရမ်းခသက်သာလို့ ပိုပြီးအဆင်ပြေပါတယ်။ မနှစ်ကဆိုရင် ဆောင်းကြက်သွန်ပေါ်တဲ့ အချိန်မှာတစ်ပိဿာငွေကျပ် (၅၀၀ ၊ ၆၀၀) လောက်ပဲရောင်းရပါတယ်။ ဒါ့ကြောင့် ဒီနှစ်ဆောင်းကြက်သွန် စိုက်ပျိုးတောင်သူတွေ အထွက်နှုန်းကောင်းပြီးဈေးကောင်းရရှိလို့ စီးပွားရေးတွက်ခြေကိုက်ပါတယ်။ ဆောင်းကြက်သွန်ပေါ်တဲ့ အချိန်မှာပေါ်ဦး ပေါ်ဖျားကြက်သွန်ဈေးကောင်းလို့ တောင်သူတွေအဆင်ပြေသလို ကျေးရွာရှိကြက်သွန်ဥ တူးအငှားလိုက်တဲ့ သူတွေလည်းတစ်ရက်ကိုငွေကျပ် ၅၀၀၀ နေ့စဉ် မိသားစုဝင်ငွေရရှိပြီးအဆင်ပြေကြပါတယ်”ဟုပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာမှ ဆောင်းကြက်သွန်စိုက်ပျိုးတောင်သူဦးသက်နိုင်ထွန်း က ပြောသည်။

ပွင့်ဖြူမြို့နယ်သည် စိုက်ပျိုးရေပေါကြွယ်ဝမှုနှင့် ရာသီဥတုမျှတကောင်းမွန်မှုကြောင့် မြို့နယ်အတွင်းရှိ ကျေးလက် နေတောင်သူများကစိုက်ပျိုးရေးလုပ်ငန်းကိုစီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီးစိုက်ပျိုးသည့် သီးနှံများမှာစပါး ၊ မြေပဲ ၊နှမ်း ၊ပဲတီစိမ်း ၊ ပဲထောပတ် ၊ ကုလားပဲ ၊ နေကြာ ၊ ကြက်သွန် ၊ ခရမ်းချဉ်နှင့် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးသည့်အပြင် ကြံစိုက်ခင်းများနှင့် ငှက်ပျောစိုက်ခင်းများကိုလည်းစီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း ၊ ထို့အပြင် အချို့ကျေးရွာမှ ဒေသခံတောင်သူများက နှစ်ရှည်သီးနှံများဖြစ်သည့် လျှော်ဖြူ ၊ သရက်၊ သနပ်ခါးနှင့် မန်ကျက်ရှားစိုက်ခင်းများကိုလည်း စမ်းသပ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/posts/2754961324596737?__tn__=K-R

## ထိုင်းနိုင်ငံဘက်တွင် အခွန်နှုန်းမြှင့်ထားခြင်းကြောင့် မြန်မာ့ကြက်သွန်နီများကို နားလည်မှုဖြင့် တင်ပို့နေရဟုဆို



မြန်မာ့ ကြက်သွန်နီများကို ထိုင်းဘက်က ဝယ်လိုအားများနေသော်လည်း ထိုင်းနိုင်ငံဘက်တွင် အခွန်နှုန်းမြှင့်ထားခြင်းကြောင့် တစ်နိုင်တစ်ပိုင်သာ နားလည်မှုဖြင့် တင်ပို့နေကြကြောင်း သိရသည်။ ထိုင်းဘက်သို့ တစ်ပိုင်တစ်နိုင် တင်ပို့နေသော ကြက်သွန်နီများမှာ ယခုအခါ ဈေးကောင်းရလျက်ရှိပြီး ထိုင်းဘတ်ငွေဈေး မြင့်တက်နေခြင်းကြောင့်လည်း မြန်မာကြက်သွန် ကုန်သည်များ တွက်ခြေကိုက်လျက်ရှိသည်ဟုဆိုသည်။

မြဝတီနယ်စပ်ဈေးကွက်သို့ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်းနှင့် မြစ်သားဘက်မှ ကြက်သွန်ကုန်သည်များ လာရောက်ပြီး တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဈေးဖြင့် ရောင်းချကြောင်း သိရသည်။ မြဝတီမြို့ ဘုရင့်နောင် ဈေးကွက်တွင် ကြက်သွန်နီ တစ်ပိဿာ ကျပ် ၂၀၀၀ ဖြင့် ရောင်းချနေပြီး ကုန်သည်အများစုမှာ ထိုင်းနိုင်ငံ မဲဆောက်ဈေးကွက်သို့ တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံ အတွင်းသို့ ထိုင်းကုန်စည် အမြောက်အမြား တရားဝင် တင်သွင်းလျက်ရှိသော်လည်း မြန်မာ့ကြက်သွန်နီများကို ထိုင်းဘက်သို့ တင်ပို့ရာ၌ တင်ပို့နိုင်ခြင်း မရှိအောင် အခွန်နှုန်းမြှင့်ထားသလို ရောင်းချမည့်ဈေး၏ ခွင့်ပြုချက်ကိုလည်း ရယူရမည်ဖြစ်သည်။

မြန်မာကုန်သည်များ ထိုင်းနိုင်ငံနှင့် ကုန်သွယ်ရာတွင် ကိုယ်ကဝယ်ချင်ပါက ထိုင်းဘက်သို့ သွားရောက် ဝယ်ယူရသကဲ့သို့ ကိုယ်ကရောင်းချင်ပါကလည်း ထိုင်းဘက်သို့သာ သွားရောင်းရသည့်အတွက် မိမိထွက်ကုန်များအား ထိုင်းနိုင်ငံ ကုန်သည်များ လာရောက်ဝယ်ယူနိုင်အောင် စနစ်ကျသည့် ကုန်စည်ဒိုင် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။ ထို့ပြင် မြန်မာနိုင်ငံသို့သွင်းမည့် ဂျပန်စွန့်ပစ်ပစ္စည်းများကို ထိုင်းနိုင်ငံမှ ဖြတ်သန်းခွင့်ပြုသော်လည်း မြန်မာ့ကုန်စည် ပြောင်း၊ ကြက်သွန်၊ ငရုတ်၊ အာလူး စသည်များကို အခြားနိုင်ငံသို့ တင်ပို့နိုင်ရန် ထိုင်းနိုင်ငံမှ ဖြတ်သန်းပို့ဆောင်ခွင့်မပြုကြောင်းသိရသည်။ “ကျွန်မတို့က မြင်းခြံဘက်ကလာတဲ့ ကြက်သွန်နီတွေ မဲဆောက်ကိုပို့တယ်။ ကြက်သွန်က ထိုင်းဘက်ကို တရားဝင်တင်သွင်းလို့ရပေမယ့် ထိုင်းဘက်က အခွန်ကောက်တာကများတယ်။ ဒါကြောင့် စက်လှေဂိတ်တွေကနေတင်ပို့ကြတယ်။ အများကြီး အုံနဲ့ကျင်းနဲ့ ပို့ရတာတော့မဟုတ်ဘူး။ တစ်ပိုင်တစ်နိုင်ပို့ကြတာပေါ့။ ထိုင်းဘက်ကို ပို့တဲ့အခါ ကြက်သွန်တွေကို အမြီးအမြိတ် အစအနတွေ

ဖြတ်ပြီး သန့်စင်အောင် လုပ်ပြီးမှ ၁၀ ကီလိုအိတ်တွေနဲ့ ထည့်ပြီးမှ ပို့ရတာ ၁၀ ကီလိုတစ်အိတ်ကို ဘတ် ၂၈၀ ရတယ်။ ပို့တဲ့အခါ အလုံးကြီးနဲ့ အလုံးလတ်ဆိုပြီး နှစ်မျိုးပို့ရတာပေါ့။ အလုံးကြီး က ၁၀ ကီလိုကို ၂၈၅ ဘတ်ရတယ်" ဟု ကြက်သွန်တင်ပို့နေသည့် ကုန်သည်တစ်ဦးက ပြောကြားသည်။

မြဝတီမြို့တွင် ပြီးခဲ့သည့် ဒီဇင်ဘာလက ကြက်သွန်နီ တစ်ပိဿာ ကျပ် ၃၅၀၀ အထိ ဈေးတက်သွားခဲ့ပြီး တဖြည်းဖြည်း ပြန်လည်ဈေးကျခဲ့ရာ ဖေဖော်ဝါရီ၌ တစ်ပိဿာကျပ် ၂၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်းသိရသည်။ မြန်မာကြက်သွန်နီများအား ထိုင်းနိုင်ငံဘက်သို့တင်ပို့ရာတွင် တစ်ကီလိုကို ရှစ်ဘတ်မှ ၁၀ ဘတ်အထိ အခွန်ပေးဆောင်ရသည့်အတွက် တရားဝင် တင်ပို့နိုင်ခြင်းမရှိဘဲ တစ်ပိုင်တစ်နိုင်ကြက်သွန်ကုန်သည်များအနေနှင့် နီးစပ်ရ စက်လှေဂိတ်များမှသာ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/160233

## တရုတ်ကဝယ်လို့ ကြိုက်ဈေးရနေသည့် mask ဈေးကွက်




မြန်မာနိုင်ငံတွင် မျက်နှာစည်း Mask ဈေးနှုန်း မြင့်တက်လာသည်မှာ ပြည်တွင်းက ဝယ်လိုအား များပြားလာခြင်းကြောင့်မဟုတ်ဘဲ တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများပြားလာသောကြောင့် ဈေးတက်လာသည်ဟု Mask လက်ကားရောင်းချသူအချို့ကပြောသည်။ လက်ရှိဈေးကွက်တွင် ပြည်တွင်းဆေးဆိုင်များက လာဝယ်သည်ထက် နယ်စပ်ကနေ တဆင့်လာဝယ်သူပိုများပြီး ဆိုင်တစ်ဆိုင်တွင် တစ်နေ့ ကို အခုရေတစ်သိန်းခန့် တရုတ်ဘက်မှ လာဝယ်သည်ဟု ရွှေပြည့်စုံဈေးရှိ ကျေးဇူးရှင် Mask လက်ကား အရောင်းဆိုင်မှ မဇင်မာဦးကဆိုသည်။ "တရုတ်က လာဝယ်တာတော့ အများကြီးပဲ ရေတောင်မရေနိုင်ဘူး သူတို့က ဗမာစကားမပြောတတ်တော့ စကားပြန်တွေခေါ်လာပြီး ဝယ်တာပေါ့နော် ဒီပစ္စည်းကိုယူပြီး လေယာဉ်ကနေ အများဆုံးပို့တယ် နိုင်ငံခြားကဝယ်တာများတယ် ဒီကအဝယ်နည်းတယ် ပြောရမယ်ဆို သူတို့တွေက ဘယ်ဈေးနဲ့ဖြစ်ဖြစ်ဝယ်တယ်။ ကြိုက်တဲ့ဈေးပြော အရေအတွက်ရှိသလောက်ယူမယ် ပစ္စည်းရရင် ပြီးရော ဒါပေမယ့် ကွာလတီကောင်းရမယ် နမ်းကြည့်တယ် ပိုးသတ်ဆေးပါလား မပါလား ပြီးတော့မှဝယ်တာ"ဟု မဇင်မာဦးက ပြောသည်။

ရောင်းချနေသည့် maskများမှာ အိမ်နီးချင်းနိုင်ငံအနံ့က ဆေးကုန်သည်များကနေတဆင့် ဆိုင်တစ်ခုချင်းစီကို ခွဲတမ်း စနစ်ဖြင့် ကုန်ချကာရောင်းချနေခြင်းဖြစ်သည်။ ဆေးပစ္စည်းအများစု ဝယ်ယူရရှိနိုင်သော မင်္ဂလာဈေးတွင် လာရောက် ဝယ်ယူကြသူများသည် Mask များကိုပစ္စည်းအရည်သွေးသေချာကြည့်ကာ ဓာတ်ပုံတွေရိုက်ပြီး သူတို့ဝယ်ယူပို့ဆောင်ပေးမယ့် သူတွေဆီကို အွန်လိုင်း ကနေတစ်ဆင့် ပြသ နေကြတာကိုလည်း ဈေးကွက်အတွင်းတွေ့ရသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားပြီး (၂) လအတွင်း မြန်မာနိုင်ငံမှာ Mask ဈေးနှုန်းမြင့်တက်ခဲ့ပြီး ယခုချိန်ထိလည်း ဈေးနှုန်းမြင့်တက်နေဆဲဖြစ်ကာ mask အသုံးပြုမှု နည်းပါးသည်ကိုတွေ့ရသည်။ စက်ရုံအလုပ်သမားများ၊ လူထူထပ်သည့်နေရာများသို့ နေ့စဉ် သွားလာနေရသူများနှင့် ဘတ်စ်ကား မှတ်တိုင်များ၊ ပွဲလမ်းသဘင်များ၌သာ အသုံးပြုကြသည်။ ယခင်က မျက်နှာစည်း mask ၅၀ခုပါ ဘူးတစ်ဘူးကို မြန်မာကျပ်ငွေ နှစ်ထောင်သာ ပေးဝယ်ရပြီး ယခုအခါတွင် အဆိုပါဘူးတစ်ဘူးကို မြန်မာကျပ်ငွေ နှစ်သောင်းခွဲမှ သုံးသောင်းအထိ ရောင်းချ လျှက်ရှိသည်။ လက်လီဈေးကွက်တွင်လည်း ယခင်က Mask တစ်ခုကို ၅၀ကျပ်မှ ယခု ကျပ် ၃၅၀ အထိ ဈေးနှုန်း မြင့်တက် လျှက်ရှိသည်။

နိုင်ငံအနှံ့အပြားတွင် မျက်နှာစည်း mask ဈေးနှုန်း မြင့်တက်လာသည်ကို တားဆီးနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO၏ ထုတ်ပြန်ချက်အတိုင်း mask များကိုမလိုအပ်ပဲ အသုံးမပြုသင့်ကြောင်း ဆေးပညာရှင်များက အကြံပြုထားကြသည်။ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ဒုတိယညွှန်ကြားရေးမှူး (ဓာတ်ခွဲ) ဒေါက်တာဥမ္မာဆွေတင်က "mask ဆိုတာ တပ်ထားတိုင်းလည်း မကောင်းဘူး ရောဂါရှိတဲ့သူတွေပဲ တပ်ရင်ပိုကောင်းပါတယ်။ ဒါမှ သူနှာချေချောင်းဆိုးလိုက်တဲ့အခါ ထွက်လာတဲ့ဗိုင်းရပ်စ်တွေက လွင့်မသွားနိုင်ဘူး မကူးစက်နိုင်ဘူး ပုံမှန်လူတွေ တပ်တဲ့အခါကျ စိုးရိမ်မှုကိုဖြစ်စေတော့ ဗိုင်းရပ်စ်ပေါက်ဖွားဖို့ ပိုလွယ်တာပေါ့"ဟု ပြောသည်။ ကမ္ဘာတစ်ဝှမ်းတွင် မျက်နှာစည်း Maskများ ပြတ်လပ်မှုကိုကာကွယ်ရန် နေမကောင်းဖြစ်နေသည့်လူနာများ၊ အဆိုပါလူနာများကို ပြုစုနေရသူများ၊ ကျန်းမာရေးဝန်ထမ်းများသာအသုံးပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ထုတ်ပြန်ထားသည်။

**Source:** http://www.mizzimaburmese.com/article/67289

## ထားဝယ်အထူးစီးပွားရေးဇုန်ကို မျက်စိကျလာသည့်တရုတ်



**တရုတ်အစိုးရပိုင် ကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံ၏ အကြီးဆုံး အထူးစီးပွားရေးဇုန်ဖြစ်လာမည့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင်ပါဝင်လာရန် အထူး စိတ်ဝင်စားနေပြီဖြစ်သည်။** ထားဝယ်အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ရမည့် Developer နေရာအတွက် တရုတ်၊ ထိုင်းကုမ္ပဏီများက စိတ်ဝင်စားလျက်ရှိပြီး အဓိကအနေဖြင့် တရုတ်နိုင်ငံပိုင်ကုမ္ပဏီတစ်ခုက စိတ်ဝင်စားလျက် ရှိကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယ ဥက္ကဋ္ဌ ဦးမြင့်ဆန်းက မြန်မာတိုင်း(မ်)ကိုပြောသည်။

မြန်မာနိုင်ငံတွင် ထားဝယ်အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်းသုံးခု ရှိသည့်အနက် ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် တရုတ်အစိုးရပိုင် ကုမ္ပဏီတစ်ခု ဖြစ်သော CITIC Group က အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းကို အကောင်အထည်ဖော် လုပ်ကိုင်ခွင့်ရရှိထားသည်။ ကျောက်ဖြူစီမံကိန်းသည် မြန်မာအစိုးရနှင့် တရုတ်အစိုးရကြား G to Gလက်မှတ်ရေးထိုး လုပ်ဆောင်သည့် စီမံကိန်းဖြစ်ပြီး မြန်မာက ရှယ်ယာ ၃၀ ရာခိုင်နှုန်း၊ တရုတ်ဘက်က ၇၀ ရာခိုင်နှုန်း ရှယ်ယာပိုင်ဆိုင်သည်။ " တရုတ်က ကူမင်းကနေ ဘန်ကောက်ထိ ကျည်ဆံရထားလမ်းဖောက်လုပ်နေတယ်။ ကျည်ဆံရထားလမ်းနဲ့ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ချိတ်ဆက်ရင် တရုတ်အတွက် ကြီးမားတဲ့ရလဒ်ဖြစ်တယ်။ တရုတ်ကိုသာပေးလိုက်ရင် တရုတ်ကချိတ်မှာ"ဟု ဦးမြင့်ဆန်းကပြောသည်။ အကယ်၍ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို တရုတ်နှင့်လုပ်ဆောင်ပါကလည်း တရုတ်အစိုးရနှင့်သာ လုပ်ဆောင်သင့်သည်ဟု ၎င်းက ဆိုသည်။ " လုပ်မယ်ဆိုရင်လည်း ပုဂ္ဂလိကနဲ့မလုပ်သင့်ဘူး။ G to G ပဲ လုပ်သင့်တယ်။ စီမံကိန်းကို သူနဲ့လုပ်၊ ဘဏ္ဍာရေးက တရုတ်ဆီကမယူနဲ့။ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်ကရှာမယ်။ ဂျပန်ကနေချေးမယ်။ အဲဒီလိုလုပ်မယ်ဆိုရင် ဒီစီမံကိန်းက ကြွလာမှာ"ဟု ၎င်းက မှတ်ချက်ပြုသည်။

တရုတ်အစိုးရပိုင် ကုမ္ပဏီက စိတ်ဝင်စားနေသော်လည်း မြန်မာအစိုးရဘက်က လက်ခံ၍မရသေးသည့် ယခုကဲ့သို့သော အခြေအနေတွင် လက်ရှိလုပ်ကိုင်ရန် သဘောတူထားသော အီတာလျံထိုင်းကုမ္ပဏီသည် သတ်မှတ်ကာလအတွင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှု ရှိ၊ မရှိကို စောင့်ကြည့်ရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ပင်မစီမံကိန်းနှင့် ပတ်သက်၍ ထိုင်းအစိုးရ၏ မြေပြင်အကောင်အထည်ဖော်မှု ရှိ၊ မရှိနှင့် ဂျပန်အစိုးရ အမှန်တကယ်ပါဝင်လာမှု ရှိ၊ မရှိကို ရှင်းလင်းတိကျစွာ လုပ်ဆောင်တော့မည်ဟု အထူး စီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီကဆိုသည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းရှိ ကနဦးစီမံကိန်းနှင့် ပင်မစီမံကိန်းများ မြေပြင်အကောင်အထည်ပေါ်လာရန်

မြန်မာအစိုးရက ဂျပန်၊ ထိုင်းအစိုးရနှင့် အီတာလျံထိုင်းကုမ္ပဏီတို့နှင့် တွန်းတွန်းတိုက်တိုက် လုပ်ဆောင်ရန် ပြင်ဆင်လာသည့် သဘောလည်း ဖြစ်သည်။ မြေငှားစာချုပ်နှင့် ကနဦးစီမံကိန်းမြေပြင်အကောင်အထည်ဖော်ရေး ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစက်မှုဇုန် နယ်မြေစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် စာချုပ်ပိုင်းဆိုင်ရာပြင်ဆင်မှုများ ပြီးစီးကြောင်း ထားဝယ် အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီက ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ကြေညာခဲ့သည်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် အီတာလျံထိုင်းကုမ္ပဏီနှင့် ကာလရှည်စွာတိုင်ပင်ဆွေးနွေးပြီးမှ စာချုပ်ပါ အချက်အလက် အစီအစဉ်များကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ အီတာလျံထိုင်းကုမ္ပဏီနှင့် မြန်မာအစိုးရကြား မြေငှားရမ်းခြင်း စာချုပ်နောက်ဆုံးအတည်ပြုချက်ကို ကုမ္ပဏီထံ ပေးပို့ထားပြီး ဖြစ်ကာ ရက်ပေါင်း ၁၂၀ အတွင်း ကုမ္ပဏီက မြန်မာအစိုးရသို့ အကြောင်းပြန်ကြားရမည်ဖြစ်သည်။ "ဒီဟာက နောက်ဆုံးစာချုပ်ဖြစ်တဲ့အတွက် မြေငှားစာချုပ်နဲ့ပတ်သက်ပြီး အီတာလျံ ထိုင်းနဲ့ ဘာမှထပ်ပြီးဆွေးနွေးညှိနှိုင်းတာ မလုပ်တော့ဘူး။ ဒါနောက်ဆုံးစာချုပ်ပဲ။ နောက်တစ်ခု စာချုပ်ထဲမှာပါတာက မြန်မာ အစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ တစ်ဖက်သတ်ဆောင်ရွက်ခွင့်ရှိသည်ဆိုတာပါတယ်"ဟု ဦးမြင့်ဆန်းက ပြောသည်။ လာမည့်မတ်လ ၂၇ ရက်တွင် ကုမ္ပဏီဘက်က အကြောင်းပြန်ရမည်ဖြစ်ပြီး မြန်မာအစိုးရဘက်က လုပ်ဆောင်ပေး ရမည်များ ပြီးစီးသွားပြီဖြစ်၍ ကုမ္ပဏီကို လုပ်ကိုင်ခွင့် (Notic to Proceed) ထုတ်ပေးသွားမည်ဖြစ်သည်။

လုပ်ကိုင်ခွင့်ပေးပြီးပါက ကုမ္ပဏီက အကောင်အထည်ဖော်ရမည့် စီမံကိန်းကိုးခုရှိသည်။ ငါးနှစ်ကာလအတွင်း စီမံကိန်း တစ်ခုချင်းစီအလိုက် အကောင်အထည်ဖော်ရမည်ဖြစ်ပြီး မြေပြင် အကောင်အထည်ဖော်မှု ရှိ၊ မရှိကို ကော်မတီက စောင့်ကြည့်၍ ပျက်ကွက်လျှင် အစိုးရထံ တင်ပြသွား မည်ဟု ၎င်းက ပြောသည်။ စီမံကိန်းရှိ ဟက်တာ ၇၁၀ ထဲမှ ဟက်တာ ၁၀၀ အကောင်အထည်ဖော်ရန် ကုမ္ပဏီက ဘဏ္ဍာရေးအစီအစဉ်၊ စီးပွားရေး အစီအစဉ်နှင့် စီမံကိန်းကာလကြာချိန်ကို ကော်မတီသို့ တင်ပြရမည်ဖြစ်ပြီး စီမံကိန်း ကိုးခုကို ငါးနှစ်အတွင်း အကောင်အထည်မဖော်နိုင်လျှင် မြေငှားစာချုပ် ချုပ်ဆိုသည့် ဟက်တာ ၇၁၀ ကို ပြန်သိမ်းမည်ဖြစ်သည်။ "နှစ်နှစ်အတွင်း ဘာမှမလုပ်ဘူးဆိုရင် အရေးယူမယ်။ လုပ်ရင် အချက်သုံးချက်တင်ပြရမယ်။ မလုပ်ဘူးဆိုရင် တရားဝင် မလုပ်နိုင်ကြောင်း စာတင်ရမယ်။ အဲဒါကို ဒုတိယသမ္မတဆီ တိုက်ရိုက်တင်မယ်"ဟု ကော်မတီ ဒုတိယ ဥက္ကဋ္ဌက ပြောသည်။ အကယ်၍ အီတာလျံထိုင်းကုမ္ပဏီက စီမံကိန်းအကောင် အထည်ဖော်သူအနေဖြင့် ဆက်လက် လုပ်ဆောင်ခြင်းမရှိပါက ယင်းနေရာတွင် လုပ်ဆောင်လိုသည့် စိတ်ဝင်စား သော ကုမ္ပဏီများ ရှိနေသည်ဟု ၎င်းက ဆိုသည်။

ပင်မစီမံကိန်း မြေပြင်စတင်ရေးနှင့် ဂျပန်ကG to G ပါဝင်လာရေး ပင်မစီမံကိန်းကို မြန်မာ"ထိုင်း-ဂျပန် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် မူအားဖြင့် သဘောတူ ထားသည်။ ပင်မစီမံကိန်းအတွက် ထိုင်းနှင့် မြန်မာအစိုးရ အကြားG to Gလက်မှတ်ရေးထိုးထားပြီး ဖြစ်သော်လည်း မြန်မာနှင့် ဂျပန်ကG to Gလက်မှတ် မရေးထိုးရသေးပေ။ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီJICA က မြေပြင် လေ့လာမှုသာ လုပ်ဆောင်ထားသည်။ ထို့ကြောင့် ပင်မစီမံကိန်းတွင် ဂျပန် ပါဝင်လာရေးသည် ယနေ့အချိန်ထိ ရှင်းလင်းတိကျ သေချာခြင်း မရှိသေးပေ။

ထိုင်းအစိုးရဘက်ကလည်း ဂျပန်အစိုးရG to Gလက်မှတ်ရေးထိုးပါဝင်ရန်ဆန္ဒရှိနေပြီး ယခုလတတိယအပတ် ထိုင်းနိုင်ငံတွင်လုပ်ဆောင်မည့် ဆွေးနွေးမှုတွင် ထိုင်းနှင့်မြန်မာက ဂျပန်ကိုG to G လက်မှတ်ရေးထိုးပါဝင်ရေး ပြောဆိုမည် ဖြစ်သည်။ ဂျပန်အစိုးရအနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်ကို အမှန်တကယ် ပါဝင်ပါက မြန်မာအစိုးရနှင့်G to G လက်မှတ်ရေးထိုးရန် လိုအပ်လာပြီဟု အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌကပြောသည်။ "ဂျပန်အစိုးရ ပါလာမှ ပုဂ္ဂလိကကုမ္ပဏီတွေက နောက် ကလိုက်တာ။ သီလဝါမှာလည်း ဒီအတိုင်းပဲ။ လောလောဆယ်တော့ သူတို့ လေ့လာဆန်းစစ်မှုလုပ်မယ် လာကမ်းလှမ်းတယ်။ ဆရာတို့က ဒီအဆင့်နဲ့ မကျေနပ်ဘူး။ အကောင်အထည်ဖော်မယ့်အဆင့်ကို စချင်တာ။ လေ့လာတာကတော်လောက်ပြီ။ လက်တွေ့မြေပြင်မှာ အကောင်အထည်ဖော်မယ့်ဟာကို သေးသေးပဲ လုပ်လုပ်၊ ကြီးကြီးပဲလုပ်လုပ်၊ လုပ်စေချင်တာ"ဟု ၎င်းက ပြောသည်။

ဂျပန်က တိတိကျကျ ပါဝင်ပတ်သက်မှု ရှိမလာသေးခြင်း၊ ထိုင်းအစိုးရနှင့် လက်မှတ်ရေးထိုးထားသော်လည်း ပင်မစီမံကိန်း မြေပြင်အကောင်အထည်ဖော်မှု မစတင်သေးခြင်း စသည့်အခြေအနေများကို မြန်မာဘက်က တိကျသေချာအောင် လုပ်ဆောင် ရမည်ဖြစ်ပြီး ဂျပန်နှင့် ထိုင်းအစိုးရတို့က အမှန်တကယ် မြေပြင်အကောင်အထည်ဖော်မှု မရှိလျှင် အခြားရွေးချယ်ရမည့် အခြေအနေဖြစ်လျက်ရှိသည်။ "ပင်မစီမံကိန်းကို သုံးနိုင်ငံ သဘောတူထားတယ်။အဲဒါကို ထိုင်းကလည်း မလုပ်ဘူး။ ဂျပန်

ကလည်း မလုပ်ဘူးဆိုရင် ကျွန်တော်တို့ဘာသာလုပ်ရုံပဲ ရှိတော့တယ်။ သူတို့မလုပ်ဘူးဆိုရင် တခြားနိုင်ငံတစ်ခုကို ကျွန်တော်တို့ လက်ခံမှု လုပ်ရတော့မှာပေါ့။ သူတို့ကို အခွင့်အရေးပေး ထားပြီးပြီ"ဟု ဦးမြင့်ဆန်းကပြောသည်။ ဂျပန်သည် ၂၀၃၀ ပြည့်နှစ် နောက်ပိုင်းမှသာ ယင်းကိစ္စကို တိကျစွာပြောနိုင်မည့်သဘော ဂျပန်ဘက်က ပြောဆိုမှုလည်းရှိနေကြောင်း၊ ယင်းအချိန် ကာလထိ ကိုလည်း စောင့်၍မရကြောင်း စီးပွားရေးလေ့လာသုံးသပ်သူတစ်ဦးဖြစ်သည့် ဦးဇော်ဝင်းဖေကပြောသည်။ "ကိုယ်ကလည်း ပိုက်ဆံမတတ်နိုင်ဘူးဆိုတော့ ဘာပဲဖြစ်ဖြစ် တစ်ဦးကပိုက်ဆံမထုတ်ရင်တော့ နောက်တစ်ဦးနဲ့လုပ်ရမှာပဲ။ အကောင်းကြီး လားလို့ မေးရင်တော့မကောင်းဘူး။ ဒါပေမဲ့ ကိုယ်ကလည်း ဒါကြီးကလုပ်ဖို့ကြာနေပြီ။ ကိုယ်ကလည်း မတတ်နိုင်ဘူး။ ဂျပန်ကလည်း သေချာမလုပ်ဘူး။ ထိုင်းကလည်း သေချာမလုပ်ဘူးဆိုရင်တော့ဘာမှမလုပ်တာထက်စာရင် တရုတ်နဲ့လုပ်တန် လုပ်ရတော့မှာပေါ့"ဟု ၎င်းကမှတ်ချက်ပြုသည်။

**Source:** https://myanmar.mmtimes.com/news/135590.html

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်ခရီးသွားများမရှိခြင်းသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းအပေါ် စတင်ရိုက်ခတ်

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကြောင့် အဓိကခရီးသွားမြို့ကြီးများတွင် အုပ်စုလိုက် တရုတ်ခရီးသွားများ မလာ ရောက်သဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်မှုရှိနေကြောင်း၊ ၂၀၁၉ ခုနှစ်တွင် တရုတ်ခရီးသွားများအနေဖြင့် ကမ္ဘာတစ်ဝန်းတွင် ခရီးသွားလာမှုပေါင်း (၁၅၀) သန်းရှိခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁၃၀ ဘီလီယံသုံးစွဲခဲ့မှုဖြင့် ၂၀၁၈ ခုနှစ် ကထက် ၁၃ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၊ ဝူဟန်မြို့တွင် ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားချိန်မှစတင်၍ ပြည်ပသို့ခရီးသွားလာမှု ကိုတားမြစ်ထားခြင်းနှင့် နေအိမ်၌သာနေထိုင်ရန် ကန့်သတ်ထားမှုတို့ကြောင့် ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများနှင့် အခြားခရီးသွားလုပ်ငန်း ဆက်စပ်လုပ်ကိုင်သူများအနေဖြင့် ခရီးသွားလုပ်ငန်း၏ ရှေ့အလားအလာနှင့်ပတ်သက်၍ မသေချာမရေရာမှုများ ကြုံတွေ့နေ ရကြောင်း သိရှိရပါသည်။

ကမ္ဘာတစ်ဝန်း အနည်းဆုံး (၁၄) နိုင်ငံခန့်သည် တရုတ်နိုင်ငံမှ လာရောက်မည့် လေကြောင်းလိုင်းများကို ကန့်သတ် ထားခြင်း၊ ပိတ်ပင်ထားခြင်းများပြုလုပ်ထားကြကြောင်း၊ ခရီးသွားမြို့ကြီးများဖြစ်သည့် ပဲရစ်၊ လန်ဒန်နှင့် ဗင်းနစ်စ်မြို့များတွင် တရုတ်ခရီးသွားများ လာရောက်မှုမရှိကြသလို ထိုင်းနိုင်ငံ၊ မကာအိုစသည့်ဒေသများတွင်လည်း ခရီးသွားများလာရောက်ခြင်း မရှိကြသဖြင့် လောင်းကစားလုပ်ငန်းအပေါ် အဓိကအခက်အခဲတစ်ရပ်ဖြစ်စေလျက်ရှိကြောင်း၊ နောက်ဆုံးရရှိ သည့် စာရင်းများအရ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသူပေါင်း ၆၀၀၀၀ ကျော်ရှိနေပြီး၊ အနည်းဆုံး ၁၃၅၅ ဦး သေဆုံးမှုရှိခဲ့ကြောင်း ဘရပ်ဆဲလ်တိုင်းမ်သတင်းဌာန၏ ၁၃-၂-၂၀၂၀ နေ့တွင် သတင်း ဖော်ပြချက်အရသိရှိရပါသည်။

**Source:** https://www.brusselstimes.com

စီးပွားရေးသံမှူး-ဘရပ်ဆဲလ်

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် အီးယူ၏ စီးပွားရေးအလားအလာအပေါ် သက်ရောက်မှုရှိလာနိုင်

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုသည် ယခုနှစ် ပထမသုံးလအတွင်း ဆက်လက်မြင့်မား နေမည်ဆိုပါက ယူရိုဇုန်၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုတချို့ရှိလာနိုင်ကြောင်း ဥရောပကော်မရှင်က ပြောကြားခဲ့ပါသည်။ သို့ရာတွင် ဗိုင်းရပ်စ် ကူးစက်မှုသည် ကာလကြာမြင့်စွာဆက်လက်ဖြစ်ပေါ်နေ မည်ဆိုပါက အဆိုပါအခြေအနေမှာပြောင်းလဲသွားနိုင်ကြောင်း၊ ဥရောပ ကော်မရှင်သည် ယူရိုငွေအသုံးပြုသည့်နယ်မြေ၏ စီးပွားရေးခန့်မှန်းချက်အသစ်တစ်ရပ်ကိုထုတ်ပြန်ခဲ့ပြီး၊ ပြီးခဲ့သည့် နိုဝင်ဘာလ ခန့်မှန်းချက်အတိုင်းမပြောင်းလဲဘဲ ယခုနှစ်နှင့်လာမည့်နှစ်တို့တွင် တည်ငြိမ်သော တိုးတက်မှုအဖြစ် ၁.၂ ရာခိုင်နှုန်းတိုးတက်မှု ရှိမည်ဟု ခန့်မှန်းထားပါသည်။

လာမည့် (၂) နှစ်အတွင်း တိုးတက်မှုအားနည်းမည်ဖြစ်သော်လည်း ဥရောပ၏ စီးပွားရေးအလားအလာအပေါ် ရှုမြင် သုံးသပ်ချက်မှာ တည်ငြိမ်မှုရှိနေမည်ဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်၍မူ ယင်း၏ အနုတ်လက္ခဏာဆောင်သည့် စီးပွားရေးသက်ရောက်မှုအပေါ် အကဲဖြတ်ရန် စောလွန်းနေသေးသည်ဟု ဥရောပကော်မရှင်၏ စီးပွားရေးဌာနအကြီးအကဲ

Paolo Gentiloni က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ်(COVID–19) ၏ ယူရိုဇုန်စီးပွားရေးအပေါ် ဘေးထွက်ဆိုးကျိုး သက်ရောက်နိုင်မှု မရှိသေးသည့်အခြေအနေမှာ ကြာရှည်လိမ့်မည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံ အာဏာပိုင်များအနေဖြင့် ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကို ထိန်းသိမ်းနိုင်ရန်အတွက် ၎င်းတို့၏ ထုတ်ကုန်များအပေါ် မှီခိုနေသည့် ကမ္ဘာတစ်ဝန်းရှိကုမ္ပဏီများအတွက် ထုတ်လုပ်သည့် စက်ရုံများကို ပိတ်သိမ်းထားကြောင်း သိရပါသည်။ ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု ကာလကြာလာသည်နှင့်အမျှ ကမ္ဘာ့စီးပွားရေးနှင့်ဘဏ္ဍာရေးအခြေအနေတို့အပေါ်သွယ်ဝိုက်၍ သက်ရောက်နိုင်ခြေမှာ ပိုမိုမြင့်မားလာကြောင်း ဥရောပကော်မရှင်၏ စီးပွားရေးခန့်မှန်းချက်တွင် ထောက်ပြထားပါသည်။ ကိုရိုနာဗိုင်းရပ်စ်အပေါ် စိုးရိမ်ကြောင့်ကြမှုများသည် မကြာသေးမီက တရုတ်နိုင်ငံနှင့်အမေရိကန်နိုင်ငံတို့အကြား ကုန်သွယ်မှုသဘောတူညီချက်လက်မှတ်ရေးထိုးခဲ့မှုကြောင့် ရရှိထားသည့် စီးပွားရေးဆိုင်ရာယုံကြည်ချက်ကို ပြန်လည်လျော့ကျစေခဲ့ကြောင်းသိရှိရပါသည်။

**Source:** https://www.politico.eu

စီးပွားရေးသံမှူး–ဘာရပ်ဆဲလ်

## STOCK EXCHANGE (20.2.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 20th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 1,634 | 19,608,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,000 | +50 | +1.27% | 3,950 | 4,000 | 3,950 | 2,049 | 8,105,400 | 38,929,150 | 155,717 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 500 | 11,500,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 1,508 | 4,373,200 | 12,823,224 | 37,187 |

### Market summary

As of 20th Feb. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 482.29 | +1.43 | +0.30% | 480.86 | 482.29 | 480.86 | 5,691 | 43,586,600 | 5 | 660,402 |

**Index chart**



# Market Overview

As of 1:00 pm, 20th Feb. 2020

| MYANPIX | 482.29 ▲ 1.43 |
|---|---|
| Total Volume (shares) | 5,691 |
| Total Value (MMK) | 44 mil |
| Listed Company | 5 |
| Market Cap. (MMK) | 660,402 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,000 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |

TIR